Amnesty International ထုတ်ပြန်ကြေညာချက်

၁၂ အောက်တိုဘာ ၂၀၁၈ ASA ၁၆/၉၂၂၇/၂၀၁၈

# မြန်မာ - နိုင်ငံရေးအရ စွဲဆိုချက်များနှင့် ထောင်ချခံထားရသော လူ့အခွင့်အရေးရှေ့နေကို ပြန်လွှတ်ပေးပါ။

တရားခံဘက်မှလိုက်ပါဆောင်ရွက်ပေးရင်း တရားရုံးကို မထေမဲ့မြင်ပြုမှုစွဲချက်ဖြင့် စွဲဆိုကာ ထောင်ဒဏ်ပြစ်ဒဏ် ခြောက်လချမှတ်ခံထားရသော လူ့အခွင့်အရေးရှေ့နေ ဒေါ်ခင်ခင်ကျော်ကို ချက်ခြင်း ခြွင်းချက်မရှိပြန်လွှတ်ပေးရန် မြန်မာအာဏာပိုင်များကို Amnesty International အဖွဲ့က ယနေ့ တောင်းဆိုလိုက်သည်။ ယခုစွဲဆို ထောင်ဒဏ်ချမှတ်မှုသည် မြန်မာနိုင်ငံတွင်းမှ တရားဥပဒေ စိုးမိုးရေးအပေါ် နောက်ထပ် ထိုးနှက်ချက်တစ်ခုဖြစ်ပြီး နိုင်ငံတွင်းမှ လူ့အခွင့်အရေးကာကွယ်သူများအား စိုးရိမ်စရာ သတင်းစကားတစ်ခု ပေးလိုက်ခြင်းဖြစ်ပါသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တရားရုံးက လူ့အခွင့်အရေးရှေ့နေ အမျိုးသမီး ဒေါ်ခင်ခင်ကျော်ကို ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၂၂၈ တရားစီရင်မှုပြုနေသော ပြည်သူ့ဝန်ထမ်းကို တမင်စော်ကားခြင်း သို့မဟုတ် ဝင်ရောက်နှောက်ယှက်ခြင်း စွဲချက်ဖြင့် ထောင်ဒဏ် ခြောက်လ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ယင်းအမှုမှာ ၂၀၁၅ ခုနှစ်ကတည်းက ဖြစ်ပွားနေခဲ့ခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့အနားတွင် ဖြစ်ပွားခဲ့သော ငြိမ်းချမ်းစွာဆန္ဒပြပွဲများကို ရဲတပ်ဖွဲ့က အကြမ်းဖက်နှိမ်နင်းခဲ့ပြီး ဖမ်းဆီးခံထားရသော ကျောင်းသားနှင့်တက်ကြွလှုပ်ရှားသူ ၅၈ ယောက်အတွက် ဒေါ်ခင်ခင်ကျော်က ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ပေးနေသော အမှုနှင့် ဆက်စပ်ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

ဖမ်းဆီးခံထားရသော ဆန္ဒပြသူများအား အမှု စစ်ဆေးစီရင်မှု လအတန်ကြာလာခဲ့ပြီးသည့်အချိန် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ဒေါ်ခင်ခင်ကျော်က ဆန္ဒပြသူများအား အင်အားအလွန်အကျွံသုံး ဖြိုခွဲခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဖွဲ့ဝင်များအား ရာဇဝတ်မှုဖြင့် စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုရန် လျှောက်လဲချက်တစ်ရပ်ကို သာယာဝတီခရိုင်တရားရုံး တရားသူကြီးထံသို့ တင်သွင်းခဲ့သည်။ မူလလျှောက်လဲချက်တွင် ပါဝင်သော ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ရာထူးအဆင့်အတန်းအား ပြင်ဆင်ရန်အတွက် စက်တင်ဘာလ ၁ ရက်နေ့တွင် အသေးစားပြင်ဆင်ခွင့်ကို လျှောက်ထား တင်သွင်းခဲ့ပါသည်။ တရားသူကြီးက ယင်း ပြင်ဆင်ခွင့်လျှောက်ထားချက်ကို ပယ်ချခဲ့သည့်အတွက် တရားခွင်အတွင်း ရှိနေသည့် ကျောင်းသားများက ကန့်ကွက်အော်ဟစ်ခဲ့ကြသည်။

စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဒေါ်ခင်ခင်ကျော်အား ရုံးတော်ကို မထေမဲ့မြင်ပြုမှုဖြင့် စွဲဆိုခဲ့သည်။ နောက်ထပ် ခြောက်ရက်အကြာတွင် ဆန္ဒပြသူများထဲမှ ကိုသန်းထိုက်ဆိုသူကိုလည်း အလားတူ စွဲချက်ဖြင့် စွဲဆိုခဲ့သည်။ အမှုများကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၄ ရက်နေ့တွင် စတင်စစ်ဆေးခဲ့ပြီး သုံးနှစ်အကြာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် စီရင်ချက် ချခဲ့ခြင်းဖြစ်သည်။ ဒေါ်ခင်ခင်ကျော်နှင့် ကိုသန်းထိုက်တို့ နှစ်ဦးစလုံးကို ပုဒ်မ ၂၂၈ အရ ပေးနိုင်သော အမြင့်ဆုံး ပြစ်ဒဏ်ဖြစ်သည့် ထောင်ဒဏ် ခြောက်လစီ ချမှတ်ခဲ့သည်။ နှစ်ဦးစလုံးကို ယခု သာယာဝတီအကျဉ်းထောင်တွင် ချုပ်နှောင်ထားပါသည်။ ဒေါ်ခင်ခင်ကျော်၏ ရှေ့နေလိုင်စင်မှာလည်း ရုပ်သိမ်းခံခဲ့ရပါသည်။

ဒေါ်ခင်ခင်ကျော်နှင့် ကိုသန်းထိုက်တို့ နှစ်ဦးစလုံးကို ချက်ခြင်း ခြွင်းချက်မရှိ လွှတ်ပေးပြီး စွဲဆိုချက်များကို ပယ်ဖျက်ပေးရန်နှင့် ဒေါ်ခင်ခင်ကျော်၏ ရှေ့နေလိုင်စင်ကို ပြန်ပေးအပ်ရန် မြန်မာအာဏာပိုင်များကို Amnesty International အဖွဲ့က တောင်းဆိုပါသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံနှုန်းများတွင် ရှေ့နေများကို ၎င်းတို့၏ လုပ်ငန်းများလုပ်ဆောင်ရာတွင် သဘောရိုးဖြင့် ပြုလုပ်သော ပြောဆိုပြုမူချက်များအတွက် အရေးယူ အပြစ်ပေးမှုမျိုး မပြုလုပ်သင့်ဟု ရှင်းလင်းစွာဖော်ပြထားပါသည်။ အထူးသဖြင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ရာ တရားရုံး၊ တရားခွင်နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ ရှေ့မှောက်ထွက်ဆိုချက်များနှင့် ပတ်သက်၍ အရေးယူခြင်းမျိုး မရှိရသင့်ပါ။ ယခု ဒေါ်ခင်ခင်ကျော်ကို စွဲဆိုချက်မှာ သူလိုက်ပါဆောင်ရွက်နေသော လူသိထင်ရှားသည့် အမှုနှင့် ဆက်စပ်ပြီး စွဲဆိုခံရခြင်းဖြစ်ပြီး၊ ကျောင်းသားဆန္ဒပြသူများ၏ အခွင့်အရေးကို ကာကွယ်ပေးနေသော သူ၏ လုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုနိုင်ရန် ခြိမ်းခြောက်နှောက်ယှက် တားဆီးရန်ကြိုးပမ်းချက် ဖြစ်သဖြင့် နိုင်ငံရေးအရ ရည်ရွယ်ချက်ဖြင့် ပြုလုပ်သော လုပ်ရပ်အဖြစ် Amnesty International အဖွဲ့က မှတ်ယူပါသည်။

ပြစ်ဒဏ်ချမှတ်ရာတွင် နိုင်ငံရေးရည်ရွယ်ချက်အခြေခံရှိနေရုံမက ယင်းအမှုမှာ စီရင်ချက်ချမှတ်ချိန်အထိ သုံးနှစ်ကျော်ကြာမြင့်ခဲ့ပြီး ယင်းကာလအတွင်း ဒေါ်ခင်ခင်ကျော်မှာ ရုံးချိန်းအကြိမ်များစွာ တက်ရောက်ခဲ့ရကြောင်းကိုလည်း Amnesty International အဖွဲ့က စိတ်အနှောက်အယှက်ဖြစ်စွာ သတိပြုမိခဲ့ပါသည်။ ဤဖြစ်စဉ်မှာ ဒေါ်ခင်ခင်ကျော်အတွက် များစွာ ထိခိုက်မှုရှိခဲ့ရပါသည်။ သူ နေထိုင်ရာ ရန်ကုန်မြို့မှ တရားရုံးရှိရာ ပဲခူးသို့ အမှုချိန်းရှိတိုင်း သွားနေရသဖြင့် သူ၏ အခြား အမှုသည်များအတွက် လိုက်ပါဆောင်ရွက်ပေးနိုင်မှုများလည်း ထိခိုက်ခဲ့ရသည်။ သူ့ကို တရားစွဲဆိုခြင်းနှင့် ယင်းအမှုကို စီရင်ချက်ချသည်အထိ လုပ်ဆောင်ခဲ့ခြင်းမှာ အစိုးရက ကြေညာထားသော တရားဥပဒေစိုးမိုးရေးကို အလေးအနက်ဆောင်ရွက်ပါမည် ဆိုသည့်အချက်အား ပျက်ရယ်ပြုသလို ဖြစ်နေပါသည်။

တရားစီရင်မှုများ မျှတခြင်း၊ တရားစီရင်ရေးစနစ်အတွင်း လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို အကာအကွယ်ပေးခြင်းတို့အတွက် သာမက လူ့အခွင့်အရေးကာကွယ်ပေးခြင်းနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ရှေ့နေများနှင့် လူ့အခွင့်အရေး အကာအကွယ် ပေးသူများ၏ ကဏ္ဍမှာ အထူးအရေးပါပါသည်။ ထို့ကြောင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို လေးစားအသိအမှတ်ပြုပြီး ကာကွယ်စောင့်ရှောက်ပေးရန်လည်း လိုအပ်ပါသည်။ ကုလသမဂ္ဂ၏ ရှေ့နေများကဏ္ဍဆိုင်ရာ အခြေခံစည်းမျဉ်းများတွင် - အစိုးရများသည် ရှေ့နေများ ၎င်းတို့၏ လုပ်ငန်းများကို ခြိမ်းခြောက်မှု၊ တားဆီးဟန့်တားမှု၊ နှောက်ယှက်မှုနှင့် မသင့်လျော်သော ဝင်ရောက်စွက်ဖက်မှုများ မရှိပဲ လုပ်ဆောင်နိုင်ရေး အစိုးရများက ကြည့်ရှုလုပ်ဆောင်ပေးရန်နှင့် ရှေ့နေများက ၎င်းတို့၏ သတ်မှတ်ပြဋ္ဌာန်းထားသော လုပ်ငန်း တာဝန်များ၊ စံနှုန်း ကျင့်ဝတ်များအတိုင်း ဆောင်ရွက်မှုများကို လုပ်ဆောင်ရာတွင် တရားစွဲဆို အရေးယူခံရခြင်း၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် အခြားသော ပြစ်ဒဏ်ခတ်ခံရမှုများ၊ ယင်းကဲ့သို့ အရေးယူခံရမည်ဟု ခြိမ်းခြောက်ခံရမှုများမှ ကင်းလွတ်ခွင့်ရစေရမည်ဟု ဖော်ပြထားသည်။ (စည်းမျဉ်း အမှတ် ၁၆)

# နောက်ခံ အကြောင်း

၂၀၁၅ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံတွင် ကျောင်းသားအုပ်စုများက ၂၀၁၄ စက်တင်ဘာလက ပြဋ္ဌာန်းခဲ့သော အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ပညာရေးလွတ်လပ်ခွင့်ကို ကန့်သတ်သည်ဟု ယူဆသည့်အတွက် ယင်းဥပဒေကို ပြင်ဆင်ပေးရန် ကျောင်းသားများနှင့် ၎င်းတို့ကို ဝန်းရံသူများက တောင်းဆိုခဲ့ကြသည်။ ဆန္ဒပြခေါင်းဆောင်များက စစ်ကြောင်းလေးကြောင်း တပြိုင်နက်ချီတက်ပြီး မြန်မာနိုင်ငံ၏ အကြီးဆုံး စီးပွားရေးမြို့တော် ရန်ကုန်တွင် ဆုံကြရန်စီစဉ်ခဲ့သည်။ သို့ရာတွင် ဆန္ဒပြခေါင်းဆောင်များက ဥပဒေပြင်ဆင်ရေးအတွက် အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲများ စတင်ခဲ့ချိန်တွင် ဆန္ဒပြချီတက်မည့် အစီအစဉ်ကို ရပ်ဆိုင်းထားခဲ့သည်။ ၂၀၁၅ ခုနှစ် မတ်လအစောပိုင်းတွင် ဆွေးနွေးညှိနှိုင်းမှုများ ပျက်သွားခဲ့သည့်အခါ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းတွင်ရောက်နေသော ကျောင်းသားဆန္ဒပြသူများက မူလအစီအစဉ်အတိုင်း ရန်ကုန်သို့ ချီတက်မည်ဟု ကြေညာခဲ့သည်။ သို့ရာတွင် ၎င်းတို့မှာ ရဲတပ်ဖွဲ့ဝင်များ၏ ပိတ်ဆို့တားဆီးခြင်းကို ခံရပြီး ကျောင်းသားများနှင့် ရဲများအကြား ရှစ်ရက်ကြာ ရှေ့မတိုးနိုင်ပဲ ရင်ဆိုင်နေခဲ့ကြသည်။ ၂၀၁၅ မတ်လ ၁၀ ရက်နေ့တွင် ရဲများက ဆန္ဒပြသူများကို တုတ်များနှင့် ရိုက်နက်ကာ အကြမ်းဖက်ဖြိုခွဲခဲ့သဖြင့် မြေပေါ် လဲကျခဲ့ရသည့်သူများရှိခဲ့သည်။

ယင်းနေ့တွင်ပင် ကျောင်းသားဆန္ဒပြသူများ၊ ခေါင်းဆောင်သူများနှင့် ၎င်းတို့ကို ဝန်းရံသူများ စုစုပေါင်း ၁၀၀ ကျော်အဖမ်းခံရပြီး ၈၁ ယောက်မှာ ရာဇဝတ်ပြစ်မှုအမျိုးမျိုးဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ၎င်းတို့၏ အမှုများကို ယင်းအချိန်တွင် အာဏာရလာသော အန်အယ်ဒီအစိုးရက သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ၂၀၁၆ ခုနှစ် ဧပြီလတွင် ပယ်ဖျက်ပေးခဲ့သည်။ ဖမ်းဆီးခံထားရသော ကျောင်းသားဆန္ဒပြသူများနှင့် ၎င်းတို့အားထောက်ခံသူများ အားလုံးလည်း ပြန်လည် လွတ်မြောက်လာခဲ့ပါသည်။